# ကမ္ဘာ့ဒီမိုကရေစီလူငယ်များနေ့အခမ်းအနား ထုတ်ပြန်ကြေညာချက်

## "လူငယ်ကျောင်းသားနိုင်ငံရေးအကျဉ်းသားအားလုံး - ချက်ချင်းလွတ်"

အောက်တိုဘာ ၁၈ ရက်၊ ၂၀၁၀ ခုနှစ်

ယနေ့သည် (၇) ကြိမ်မြောက် ကမ္ဘာ့ဒီမိုကရေစီလူငယ်များနေ့ ဖြစ်ပါသည်။ ကမ္ဘာအရပ်ရပ်မှလူငယ်များသည် ကမ္ဘာနေရာအနှံ့အပြားတွင် ဒီမိုကရေစီ နှင့် လူ့အခွင့်အရေး၊ လွတ်မြောက်မှုတို့အတွက် တိုက်ပွဲဝင်နေသော လူငယ်ကျောင်းသားများ အထူးသဖြင့် အာဏာရှင်များ၏ဖိနှိပ်မှုကြောင့်အကျဉ်းထောင်များထဲတွင် ဘဝကိုခက်ခဲပင်ပန်းစွာဖြတ်သန်းနေရသော ဒီမိုကရေစီ နှင့် လူ့အခွင့်အရေး လိုလားသည့်လူငယ်များကို ကမ္ဘာမှပိုမိုသိရှိလာကာ ပိုမိုထောက်ခံလာစေရန်အတွက်ရည်ရွယ်၍ ထိုနေ့တွင်အထိမ်း အမှတ်အခမ်းအနားအမျိုးအမျိုးပြုလုပ်ခဲ့ကြသည်မှာ ယခုအခါ (၇) နှစ်မြောက်ခဲ့ပြီဖြစ်ပါသည်။

ထိုနေ့၏လှုပ်ရှားမှုများသည် စစ်အာဏာရှင်လက်တွင်းတွင် ဆိုးဝါးသောအခြေအနေများအောက်၌ဒုက္ခမျိုးစုံကိုခါးစည်းခံနေရသော မြန်မာနိုင်ငံမှ လူငယ်ကျောင်းသားများကိုလည်းအဓိကရည်ရွယ်ကြသည်။ မြန်မာနိုင်ငံတွင်နိုင်ငံရေးအကျဉ်းသားအများစုမှာငယ်များ၊ ကျောင်းသား များဖြစ်ကြပါသည်။ ၎င်းတို့သည် မတရားသော၊လူမဆန်သော စစ်အာဏာရှင်စနစ်အား အာခံတိုက်ပွဲဝင်မိသည်နှင့် ကြမ်း တမ်းသော အပစ်ဒဏ်၊ နှစ်ရှည်ထောင်ဒဏ်များချမှတ်ခံနေကြရပါသည်။ စစ်အာဏာရှင်ကို

တော်လှန်သော ဗကသ အဖွဲ့ဝင်ဖြစ်သည်ဆိုသည့် ပစ်မှုနှင့်ပင်ကျောင်းသားငယ်တ ယောက်အား ထောင်ဒဏ် ၁၀၄ နှစ်ထိချမှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံရှိလူငယ်ကျောင်းသားများသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၊ လွတ်မြောက်မှုတို့ ကိုအထူးလိုလားကြကာ ထိုအရာများရရှိရေးအတွက် စစ်အစိုးရအားငြိမ်းချမ်းစွာ အကြမ်းမဖက် ဆန့် ကျင်ဆန္ဒပြကြသောလူငယ်များမှာလည်း စစ်အစိုးရ၏ဒုက္ခပေးမှုကို ရက်စက်စွာခံစားနေကြရသည်။ လူငယ်ကျောင်းသားများသည် နိုင်ငံတိုင်း၏အနာဂတ် ဖြစ်သော်လည်း မြန်မာနိုင်ငံတွင်မူ စစ်အာဏာ ရှင်တို့၏ဖိနှိပ်မှု၊ အကြမ်းဖက်မှုများအောက်တွင်သာ ရှင်သန်နေကြရသည်။နိုင်ငံအနံ့အပြားမှလူငယ် များသည်ဆင်းရဲမွဲတေမှုဒဏ်ကိုခံစားနေကြရကာ ကောင်းမွန်သော ပညာရေးထောက်ပံ့မှု၊ ကျန်းမာ ရေးစောင့်ရှောက်မှုတို့ကို လုံးဝမရရှိကြရပါ။ အများစုမှာကလေးလုပ်သား၊ ကလေးစစ်သားများအဖြစ် သာဘဝကို ဆိုးရွားစွာဖြတ်သန်းနေကြရပါသည်။ အချုပ်အားဖြင့်ဆိုလျှင် မြန်မာ့လူငယ်များသည်စစ် အာဏာရှင်တို့၏ လူ့အ ခွင့်အရေးချိုးဖောက်မှုပုံစံမျိုးစုံ ကိုခံစားနေကြရခြင်းဖြစ်ပါသည်။

ထို့ကြောင့်လည်း ကျွန်ုပ်တို့လူငယ်ကျောင်းသား တပ်ပေါင်းစု လေးခုဖြစ်သည့် ဗမာနိုင်ငံလုံး ဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်-နိုင်ငံခြားရေးရာကော်မတီ (ABFSU-FAC)၊ **တိုင်းရင်းသား လူငယ်များအင်အားစု** (NY- Forum)၊ **မြန်မာနိုင်ငံကျောင်းသားလူငယ်များ ကွန်ဂရက်** (SYCB) နှင့် မျိုးဆက်သစ်လူငယ်များ အစည်းအရုံး (G W) တို့မှ နအဖ စစ်အုပ်စုအား အောက်ပါအချက် ၄ ချက်ကို တောင်းဆိုလိုက်သည်။ အပြည်ပြည်ဆိုင်ရာမှလည်း စစ်အုပ်စုအား ထိုအချက်များကိုလိုက်လျောလာ စေရန်လိုအပ်သလို ဖိအားပေးပေးပါရန် တောင်းဆိုလိုက်ပါသည်။

***၁။ နိုင်ငံရေးအကျဉ်းသားအားလုံးနှင့်အတူ လူငယ်ကျောင်းသား နိုင်ငံရေးအကျဉ်းသားများကို ချက်ချင်း လွတ်ပေးရန်။***

***၂။ ဒီမိုကရေစီ၊ လူ့အခွင့်အရေးရရှိရေးအတွက်တိုက်ပွဲဝင်နေသော လူငယ်ကျောင်းသားများ အပေါ်ဖိနှိပ် ရက်စက်မှုများကို ချက်ချင်းရပ်တန့်ပေးရန်။***

***၃။ တိုင်းရင်းသားဒေသများမှလူငယ်ကျောင်းသားများ၏အခြေအနေဆိုးများကို ကယ်တင်နိုင် ရန်အ တွက် နအဖ မှထိုဒေသများသို့ပြုလုပ်နေသော ထိုးစစ်များကို ချက်ချင်းရပ်တန့်ပေးရန်။***

***၄။ လူငယ်ကျောင်းသားများ၏ဘဝကို ခက်ခဲကြမ်းတမ်းစေသော အရင်းခံဖြစ်သော နိုင်ငံရေး ပြဿနာ များကိုပြေလည်ဖြေရှင်းနိုင်စေရန်အတွက် ဒီမိုကရက်တစ်အတိုက်အခံများ၊ တိုင်းရင်းသား များနှင့်တွေ့ ဆုံဆွေးနွေးမှုကို ချက်ချင်းပြုလုပ်ပေးရန်။***

မကြာမီကျင်းပမည့် စစ်အာဏာရှင်တို့၏ ဟန်ပြရွေးကောက်ပွဲသည်လည်း စစ်အာဏာရှင်စနစ်ကိုသာဆက်လက်၍ တရားဝင်ခိုင်မြဲစေရန် ကြိုးပမ်းထားမှုတခုဖြစ်သောကြောင့် လူငယ်ကျောင်းသားများ၏ အခြေအနေသည်ပို၍သာ ဆိုးလာမည်မှာ မြေကြီးလက်ခတ်မလွဲပေ။ ထို့ကြောင့် ယနေ့ကျရောက်သော (၇) ကြိမ်မြောက် ကမ္ဘာ့ဒီမိုကရေစီလူငယ်များနေ့တွင် လူငယ်ကျောင်းသားနိုင်ငံရေးအကျဉ်းသားများကို ချက်ချင်းလွတ်ပေးပါရန် ကိုအလေးထားတောင်းဆိုလိုက်သည်။

**၁) တိုင်းရင်းသားလူငယ်များအင်အားစု** (NY- Forum)
**၂) မြန်မာနိုင်ငံကျောင်းသားလူငယ်များ ကွန်ဂရက်** (SYCB)
**၃) ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ**များအဖွဲ့ချုပ်-နိုင်ငံခြားရေးရာကော်မတီ (ABFSU-FAC)
**၄) မျိုးဆက်သစ်လူငယ်များအစည်းအရုံး**(GW)

ဆက်သွယ်ရန်
ကိုကျော်ထွီး ၆၆ (၀)၈၆ ၉၃၁ ၈၁၂၂ [**တိုင်းရင်းသားလူငယ်များအင်အားစု** (NY- Forum)]
ကိုပြည့်စုံဝင်း ၆၆(၀)၈၁၂၈၁၀၉၆၆ [(Generation Wave) မျိုးဆက်သစ်လူငယ်များအစည်းအရုံး]